AROMA
ဝိ ညာဉ် ရေး ထု စာ စောင်

Calvary Burmese Church, 755, 8th Street, NW Washington DC 20001, Tel; (202) 347-8355, www.geocities.com/aromadc; www.cbc-dc.com

September 2009 အတွဲ ၆၊ အမှတ် ၉။ ကရာနီမြန်မာအသင်းတော်(ဝါရှင်တန်ဒီစီ)ဝေ၀ေလီနှင့်သာသနာပြုဌါနမှထုတ်ဝေသည်။

**ခရစ်တော်သည်ငါတို့ကိုချစ်တော်မူသောအားဖြင့်၊ ဘုရားသခင့်ရှေ့တော်၌မွှေးကြိုင်သောအနံ့ရှိစေခြင်းငှါ၊ကိုယ်ကိုကိုယ်ဆက်ကပ်၍ယဇ်ပူဇော်လျက်၊ ငါတို့အတွက်စွန့်တော်မူသည်နည်းတူ၊ သင်တို့သည်မေတ္တာတရား၌ကျင်လည်ကြလော့။ (ဧဖက် ၅း၂)**

# အိပ်နေတုန်းလား !

*‘ ဝိညာဉ်တော်ဘုရား၊ ကျွန်တော်ဟာ ကိုယ်တော်မပါရင် ဗလာမြေအိုးပါ၊ သုညပါ၊ ကိုယ်တော်မပါပဲ အမှုမဆောင်နိုင်ပါဘူး၊ မရပ်တည်နိုင်ပါဘူး၊ ကျွန်တော့်နှလုံးသားမှာ အစဉ်အုပ်စိုးတော် မူပါ’*

*(ဝိညာဉ်တော်အားဖြင့် အသစ်တဖန်အားယူဘို့ တောင်း ဆိုရပါမယ်)*

**ယခုလဖတ်စရာ**

- အိပ်နေတုန်းလား
- ဗတ္တိဇံ၏သဘောတရား
- ဖုံးအုပ်ပေးရအောင်

**ဝိညာဉ်ရေးအကြံပေး**

သိက္ခာတော်ရဆရာစောလယ်ထူး

**အယ်ဒီတာအဖွဲ့**

ဦးကမ် **(ထုတ်ဝေရေး)**
ukamaroma@gmail.com
သောင်းနိုး **(ကွန်ပြူတာစာတည်း)**
thawngnoaroma@gmail.com

**ကွန်ပြူတာစာစီ**

တိုးတိုးခိုင်

စာမူပေးပို့လိုသူများအောက်ပါ လိပ်စာသို့ပေးပို့နိုင်ပါသည်။

3401 Sudlersville South
Laurel, MD 20724
Tel: 301-776-6820

*– ယခင်လမှအဆက်*

(၄) ယေဟောဝါ – ရှာလုံ (Jehovah Shalom) (သူကြီး ၆း၂၄) အဓိပ္ပါယ်က ငြိမ်သက်ခြင်းအရှင် ဖြစ်တယ် ကျေးဇူးတင်ပါ၊ ကျွန်တော်တို့ကို ပြဿနာ၊ အခက်အခဲထဲမှာ ငြိမ်သက်ခြင်း ပေးနိုင်တဲ့ဘုရားဖြစ်တယ်၊ အောင်မြင်မှုအတွက် ဘုရားကိုရှေးဦးစွာ ရဲရင့်ခြင်းနဲ့ချဉ်းကပ်ပြီး ကြီးစွာသောငြိမ်သက်ခြင်း ကို ရယူနိုင်တဲ့အတွက် ချီးမွမ်းပါ။

(၅)ယေဟောဝါ– ရိုဟိ (Jehovah - Rohi) ထာဝရဘုရားသည် ငါ၏သိုးထိန်း (The lord is my Shepherd) ဘုရားရှင်ဟာ စစ်မှန်သောသိုးထိန်းကြီးဖြစ်တယ်၊ ကျွန်တော်တို့ကို လမ်းပြကျွေးမွေး၊ နှစ်သိမ့်သက်သာစေတယ်၊ ကာကွယ်တယ်၊ ပွေ့ပိုက်တယ်၊ ကျွန်တော်တို့ရဲ့အဘ သိုးထိန်းကြီးကို စိတ်နှလုံးအပြည့်နဲ့ ခိုလှုံ ယုံကြည်ကိုးစားနိုင်တဲ့အတွက်ချီးမွမ်းရမယ်။

(၆)– ယေဟောဝါ – ဇေဒကနု (Jehovah - Tridkenu) (ယေရမိအနာဂတိ ၂၃း၆) ‘ထာဝရဘုရား သည်ကျွန်ုပ်၏ ဖြောင့်မတ်ခြင်း’ ဘုရားရှင် ရဲ့ဖြောင့်မတ်ခြင်းကို၊ ခရစ်တော်အားဖြင့် ကျွန်ုပ်တို့ရရှိပြီး၊ ဘုရားရှေ့မှာကျွန်ုပ်တို့ဟာ အသွေးတော်ကြောင့် ဖြောင့်မတ်သူ၊ သန့်ရှင်းသူဖြစ်ရပြီ၊ ဒီအတွက်ချီးမွမ်းပါ။

(၇)– ယေဟောဝါ – ရဝ (Jehovah Yahweh)(ယေရမိ၄၈း၁၅)(The lord is there) အဓိပ္ပါယ်က ‘ဘုရားရဲ့မျက်မှောက်တော်’ (GOD’s presence) ဖြစ်တယ်၊ ဗိမာန်တော်ထဲမှာကိန်းဝပ်ခြင်းလို့ဆိုလိုပါတယ်၊ ခရစ်ယာန်တစ်ဦးရဲ့အသက်တာမှာနှလုံးသားကို သန့်ရှင်းသော ဝိညာဉ်တော် ကိန်းဝပ်ပါလို့ အပ်နှံတဲ့အခါ၊ ဘုရားသခင်ဟာကျွန်ုပ်တို့အထဲမှာ အစဉ်အမြဲကိန်းဝပ်မယ်၊ အသက်တာအတွက် စိတ်ချမှုရှိစွာ အသက်ရှင်နိုင်တဲ့အတွက် ချီးမွမ်းရပါမယ်။

ခရစ်တော်ကို တုပလျက် အမီလိုက်သူအား
ကျွန်ုပ်တို့အမီလိုက်ကြပါစို့

ဘုရားရှင်ရဲ့နာမတော်ကို ရိုသေစွာဆင်ခြင်အောက်မေ့ချီးမွမ်းပြီး ကောင်းကြီးယူပါ။ ဒုတိယအချက်က 'နိုင်ငံတော်တည်ထောင်ပါစေသော်' လို့သင်ယူရပါတယ်၊ ခရစ်တော်ဟာ ဘုရားသခင်ရဲ့နိုင်ငံတော် (Kingdom of GOD) ကို မြေကြီးပေါ်ကိုသယ်ဆောင်လာခဲ့ပါတယ်။ 'နောင်တရကြလော့၊ ကောင်းကင်နိုင်ငံတည်လုနီးပြီ' လို့ ကိုယ်တော်ကဟောပြောပါတယ်၊ ကားတိုင်ပေါ်မှာ ကိုယ်တော်သွန်းခဲ့တဲ့ အသွေးနဲ့၊ ကျိုးပဲ့တဲ့ခန္ဓာကြောင့် – 'အပြစ်လွတ်ခြင်း အပြစ်ဆေးကြောခြင်း၊ ဘုရားနှင့်မိဿဟာယဖွဲ့ခွင့် ပြန်လည်ရရှိစေခြင်း၊ လူသားကျိန်ခြင်းအမင်္ဂလာကိုဖယ်ရှားခဲ့ပြီး၊ အာဗြဟံရဲ့ကောင်းချီးမင်္ဂလာကို အပ်ပေးခဲ့ပါပြီ၊ သေခြင်းနဲ့ငရဲတန်ခိုးကို ချေမှုန်းခဲ့ပြီးဖြစ်လို့ ကျွန်တော်တို့ဟာ ဂရုဏာတော်နှင့် ကျေးဇူးတော်ကို ကြွယ်ဝစွာရရှိပါပြီ၊ ခန္ဓာစိတ်ဝိညာဉ်ကောင်းကြီးခံစားနိုင်ပါပြီ၊ ဒါဟာနိုင်ငံတော်ပါဘဲ။

ခရစ်တော်ကိုချီးမြှောက်ကိုးကွယ်တဲ့ အသင်းတော်မှာ ဘုရားရှင်ရဲ့နိုင်ငံတော်ဟာ တည်ရှိနေပါတယ်၊ အသင်းတော်မှာ သန့်ရှင်းသောဝိညာဉ်တော်ကြောင့်၊ ကောင်းကင်တန်ခိုးနဲ့ အံ့ဘွယ်နိမိတ်လက္ခဏာ (Signs and wonders) ဟာ သက်သေပေါ့၊ မယုံကြည်သူတွေ ပြောင်းလဲလာဘို့ဖြစ်တယ်။ ဒီအတွက် ဆုတောင်းရပါမယ်။

တတိယအချက်က 'အလိုတော်သည်ကောင်းကင်ဘုံ၌ ပြည့်စုံသကဲ့သို့မြေကြီးပေါ်မှာ ပြည့်စုံပါစေသော' လို့ဆိုတယ်။ လူတွေအသက်တာထဲမှာ အဘဘုရားရဲ့အလိုတော်အတိုင်း အသက်ရှင်ဘို့နဲ့ အဘရဲ့ဘုန်းတော်ထင်ရှားစေဖို့ ဖြစ်တယ်။ 'အသက်မွေးလောက်သောအစာကို ကျွန်ုပ်တို့အားယနေ့ပေးသနားတော်မူပါ' လို့ဆုတောင်းတဲ့အခါ နေ့စဉ်ကာယနဲ့ ဝိညာဉ်အစာကို လက်ခံရယူဖို့ဖြစ်တယ်၊ ဒီအခါ ခန္ဓာအစာအတွက် အလုပ်လုပ်ဘို့ ပညာဉာဏ်နှင့်တကွ သွားလာနေထိုင်ရေးတွေပါဝင်သွားပါပြီ။ 'သူတစ်ပါးသည် ကျွန်ုပ်တို့ကိုပြစ်မှားသောအပြစ်များကို ကျွန်ုပ်တို့သည် လွှတ်သကဲ့သို့၊ အကျွန်ုပ်တို့၏အပြစ်များကို လွှတ်တော်မူပါ' ဒါဟာ သမ္မာတရားဖြစ်ပါတယ်၊ ကိုယ့်အပြစ်အတွက်ခွင့်လွှတ်ခံရဘို့ဟာ သူများအပြစ်ကိုဦးစွာခွင့်လွှတ်ရပါမယ်။

တခါကကျွန်တော့်ရဲ့အသင်းသားဖြစ်တဲ့ လှပတဲ့အိမ်ထောင်ရှင်မတစ်ဦးဟာ မျက်နှာပြင်တစ်ပိုင်းတစ လေဖြတ်နေတဲ့အတွက် ဆုတောင်းခံပါတယ်၊ ဆရာဝန်တွေကလည်း ကုသမှုလက်လျှော့ထားခဲ့ကြပါပြီ၊ သူမခေါင်းပေါ်လက်တင်ပြီး အကြိမ်များစွာ ဆုတောင်းပေးခဲ့ပေမဲ့ ထူးခြားမှု မရှိခဲ့လို့ကျွန်တော်လဲ စိတ်ရှုပ်ထွေးလာခဲ့ပါတယ်၊ တနေ့မှာသူမဟာရုံးခန်းထဲကိုရောက်လာပြန်တယ်။ 'ဆရာ ဒီမနက်ကျွန်မဆုတောင်းနေတုန်း၊ ခွင့်လွှတ်ခြင်းအကြောင်းပဲ ဘုရားထံကရူပါရုံရပါတယ် စိတ်ထဲမှာမုန်းတီးစိတ် တစက်ကလေးတောင် မချန်ခဲ့ပါနဲ့တဲ့ ''အဲ့တာဟုတ်ပါရဲ့လားဆရာ'' 'လို့ပြောတဲ့အခါ အဖြေတွေ့ပြီ ကျွန်တော်စိတ်လှုပ်ရှားရပါတယ်၊ ဒါအမှန်ပဲလေ ကျမ်းစာမှာပါတာဘဲ' ဆိုတော့သူမက ဝန်ခံတယ်၊ သူမဟာ ခင်ပွန်းဘက်ကသားချင်းတွေကို မချစ်နိုင်အောင် ဒုက္ခရောက်နေကြောင်း ပြောတယ်။ ''ညီမ၊ ခွင့်လွှတ်ခြင်းဟာပထမဖြစ်တယ်၊ ခွင့်လွှတ်လိုက်ပါ'' ''ကျွန်မခွင့်လွှတ်နိုင်ပါတယ်'' ''အဖ – ကျွန်မရဲ့ယောက္ခမ အထီးရော၊ အမရော၊ ယောင်းမတွေနဲ့ခဲအိုတွေ၊ မတ်တွေကိုပါ ကျွန်မခွင့်လွှတ်ပါတယ်၊ ခွင့်လွှတ်နိုင်စွမ်းရှိတဲ့ စိတ်နှလုံးကိုပေးတော်မူပါ'' လို့ငိုပြီးဆုတောင်းရှာတယ်။ ကျွန်တော်က သူ့ခေါင်းပေါ်လက်တင်လိုက်ပြီး ''အဖ – အခုဘဲသူမကိုကျန်းမာစေပါ'' လို့ ဆုတောင်းတဲ့အခါ ချက်ခြင်းပဲအနာငြိမ်းခြင်းကို သူမရသွားပါတယ် မျက်နှာပြင်ဟာပုံမှန်ဖြစ်သွား ပါတယ်၊ ဆုသာတောင်းပေးတယ် ဒီလိုဖြစ်လာမှာကို မျှော်လင့်မထားတဲ့ကျွန်တော်ဟာ တုန်လှုပ်သွားရပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်ကိုလဲဘုရားရှင်ကဖွင့်ပြပါတယ်၊ သင်းအုပ်ငါးရာ၊ သင်းထောက်ငါးသောင်းနဲ့အသင်းသား ခုနှစ်သိန်းထဲမှ ကျွန်တော်မချစ်နိုင်တာတွေရှိနေသေးတဲ့အတွက် ချက်ခြင်းပဲ ကျွန်တော်ဒူးထောက်တယ် 'အိုအဘ – သင်းအုပ်လူကြီးတွေ အားလုံးကို ကျွန်တော်ခွင့်လွှတ်ပါတယ်၊ သင်းထောက်လူကြီးတွေ အားလုံးကိုလဲ ခွင့်လွှတ်ပါတယ်' လိုဆုတောင်းခဲ့အပြီးမှာ ကြီးမားတဲ့လွတ်လပ်ခြင်းချမ်းသာကို ဒီအမျိုးသမီးထက်ပိုပြီးတောင် ကျွန်တော်ခံစားရပါတယ်၊ အဲဒီအချိန်ကစပြီး၊ ရှင်းလင်းတဲ့၊ ချစ်တတ်တဲ့စိတ်ရှိဘို့ အစဉ်သတိပြုခဲ့ပါတယ်။ 'အပြစ်သွေးဆောင်ရာသို့ မလိုက်မပါစေနှင့်' ဆိုတဲ့အတွက်၊ စာတန်မာရ်နတ်ရဲ့ စဉ်ဆက်မပြတ်ဖြားယောင်းသွေးဆောင်ခြင်းထဲ မကျော့မိဘို့၊ နှုတ်ကပါတ်တော်နှင့် ဆီးတားဘို့ ယုံကြည်ခြင်းခိုင်ခန့်ဘို့ အသွေးအသား၊ မျက်စိတပ်မက်ခြင်း၊ မာန်မာနကြီးဘို့စုံစမ်းခြင်း၊ လောကီအရာအတွက်ပူပန်စွဲလန်းမှုကအစ စာတန်ရဲ့ဆွဲချမှု၊ ဆွဲဆောင်မှုထဲမလိုက်ပါဘို့ ဘုရားရှင်ရဲ့ကွယ်ကာမှုတန်ခိုးအတွက် တောင်းခံဆုတောင်းရမှာပါ။ 'မကောင်းသောအမှုအရာမှလည်း ကယ်နှုတ်တော်မူပါ' ဆိုတာကတော့ ရန်သူစာတန်ရဲ့ ထောင်ချောက်ထဲမရောက်မိစေဘို့၊ သမ္မာသတိရှိဘို့၊ ခန္ဓာ၊ စိတ်၊ ဝိညာဉ်ကိုသမ္မာတရားနှင့်အညီစောင့်ရှောက်အသက်ရှင်ဘို့အတွက် ဆုတောင်းရခြင်းဖြစ်ပါတယ် – နှုတ်ကပါတ်အတိုင်းနာခံပြီးအသက်ရှင်ဘို့ပါ။

'အစိုးပိုင်သောအခွင့်နှင့်ဘုန်းတန်ခိုးအာနုဘော်တော်သည် ကမ္ဘာအဆက်ဆက်ကိုယ်တော်၌ရှိပါ၏–

အာမင်’ ဆိုတဲ့အဆုံးသတ်ကိုတော့ ကျွန်မအနေနှင့်ဖြည့်စွက်ဖော်ပြလိုပါသေးတယ်။ ဘုန်းကြီးခြင်း ဂုဏ်တော်ပြုခြင်းကို ခံထိုက်တော်မူတဲ့ဘုရားရှင် ကို စွမ်းအားရှိသမျှနှင့် ဝမ်းမြောက်ကြည်နူးစွာ ဖွင့်ဟာထုတ်ဖော်ချီးမွမ်းခြင်းဖြစ်တဲ့ ဒီအပိုဒ်ကြောင့်၊ စာတန်ရဲ့အင်အားစုလုံးဝပြိုကွဲသွားပါပြီ၊ လေးနက်စွာ နှလုံးသားရဲ့ဗဟိုကနေချီးမွမ်းပါ။

(၆) ဆင်ခြင်အောက်မေ့ဆုတောင်းခြင်း။ (meditation prayer)

အသံထွက်ဆုတောင်းခြင်းက အလွယ်ကူဆုံးဆုတောင်းခြင်းပါဘဲ အားရမှုလဲရှိနေပါတယ် ကျွန်တော်ဟာကျမ်းစာကျောင်းသားဘဝကနေ (၁၉၅၈ – ၆၁) အသင်းတော်ငယ်လေးရဲ့ သင်းအုပ်ကစပြီး (၁၉၇၄) ယခုလက်ရှိအသင်းတော်တည်ချိန်အထိ ကျယ်လောင်စွာဆုတောင်းခဲ့ပါတယ်။ (ယေ ၃၃း၃) ဒီလိုဆုတောင်းခြင်းမျိုးက ဘုရားကျောင်းဝင်းနဲ့ ဆုတောင်းတောင်မှာ သုံးနိုင်ပါတယ် နေအိမ်နှင့်အခြားနေရာ (သွားလာနေတဲ့အချိန်) မှာတော့ သူတပါးကို ငဲ့ညှာရမှာဖြစ်လို့ သတိထားရပါမယ်၊ အဲ့လိုနေရာမျိုးမှာ ‘ဆင်ခြင်အောက်မေ့ဆုတောင်းခြင်း’ ကိုသုံးရပါတယ်။ စိတ်နှလုံးသားထဲမှာ အာရုံပြုလျှက် တိတ်ဆိတ်စွာဆုတောင်းခြင်းပါ၊ တိုးညှင်းပျော့ပျောင်းသံနှင့်လဲ ဆုတောင်းနိုင်ပါတယ်၊ တခါတရံ လုံးဝတိတ်တဆိတ်လဲဖြစ်နေပါမယ် သင့်အတွက်များစွာအကျိုးရှိပါတယ်။ ကိုယ်တော်ရဲ့ချစ်ခြင်းတန်ခိုးနဲ့ ကျေးဇူးတော်ကို ခံစားရင်း နက်နဲစွာအကျွမ်းတဝင်မိဿဟာယဖွဲ့နိုင်ပါတယ်။

(၇) ချီးမွမ်းဆုတောင်းခြင်း။ (A prayer of praise)

ကောင်းကင်အဘထံကို လိုအပ်ချက်တွေအတွက် ဆုတောင်းနေခြင်းမဟုတ်ဘဲ ရင်ထဲကယိုဖိတ်လာတဲ့ကျေးဇူးတော်ချီးမွမ်းခြင်းနဲ့ ဂုဏ်တော်ချီးမွမ်းခြင်းဖြင့် ချည်းကပ်ခြင်းပါ။ ဆုတောင်းဘို့ မတတ်နိုင်တော့တဲ့အချိန်၊ အားနည်းအားငယ်နေချိန်၊ နာကျည်းနေချိန်၊ ဝန်လေး၍ပင်ပန်းနေချိန်ဖြစ်ပါစေ ဘုရားရှင်ကို စတင်ချီးမွမ်းပါ။ ဆက်လက်၍ ချီးမွမ်းပါ။ တဖြည်းဖြည်းနဲ့ ဖိစီးမှုတွေထဲကလွတ်မြောက်လာပါလိမ့်မယ်။ ဘုရားရှင်းနဲ့သားသမီးဖြစ်တဲ့ ကျွန်တော်တို့ကြားထဲမှာ ချီးမွမ်းခြင်းဟာအလွန်အရေးကြီးပါတယ်။

- ဘုရားရှင်ကိုချီးမွမ်းကြွေးကြော်တဲ့အခါ ယေရိခေါ်မြို့ရိုးပြိုခဲ့တယ်
- ထောင်ထဲမှာပေါလုနဲ့သိလတို့ဟာ ဒုက္ခဆင်းရဲထဲမှာ ကျေးဇူးတော်ချီးမွမ်းခဲ့ကြတဲ့အခါ မြေကြီးတုန်လှုပ်ပြီး ထောင်တံခါးပွင့်ခဲ့တယ် ချည် နှောင်ထားတဲ့သံကြိုးတွေ ပြုတ်ကုန်တယ်၊ ဒါဟာချီးမွမ်းခြင်းတန်ခိုးကိုခံစားရတာပါ။
- ဘုရားရှင်ဟာ အရာခပ်သိမ်းကိုဖန်ဆင်းခဲ့တယ်။
- ဘုရားရှင်ဟာ အရာရာကိုသိတော်မူတဲ့အနန္တတန်ခိုးရှင်ဖြစ်တယ်။
- နေရာတိုင်းမှာ တချိန်တည်းတည်ရှိနေတယ်။
- ဘုရားရှင်ဟာ ကြီးမြတ်တယ်၊ ဘုန်းအာနုဘော်အလုံးစုံနဲ့ ပြည့်စုံတယ်
- ဘုရားရှင်ဟာ သန့်ရှင်းဖြောင့်မတ်တော်မူတယ်၊ တရားတော်မူတယ်၊ ချစ်မြတ်နိုးဘွယ်ကောင်းတယ်။
- သားတော်အားဖြင့် ကျိန်ခြင်းအမင်္ဂလာမှလွတ်စေခဲ့တယ်။
- သေခြင်းငရဲက ရွေးနှုတ်ခဲ့တယ်
- အာဗြဟံရဲ့ကောင်းချီးမင်္ဂလာကို ကျွန်တော်တို့ကိုပေးအပ်တယ်။
- ထာဝရအသက်ကို ပေးတယ်။
- စင်ကြယ်တဲ့အသက်တာရဘို့ ဝိညာဉ်တော်ကိုကျွန်တော်တို့အားပေးတော်မူတယ်။
- ခန္ဓာဝိညာဉ်ကောင်းစားချမ်းသာ၊ ကြွယ်ဝကျမ်းမာခြင်းရှိဘို့ ကျွန်တော်တို့အထဲမှာလုပ်ဆောင်ပေးနေတယ်။
- ဘဝတစ်ရှောက်လုံးမှာ ကိုယ်တော်ရဲ့များပြားကြွယ်ဝတဲ့ မစမှုကိုခံစားစေတယ်။
- ကုန်လွန်ခဲ့တဲ့အသက်တာမှာ လုပ်ဆောင်ပေးခဲ့မှုတွေကို ချီးမွမ်းရင်း ရှေ့ဆက်မဲ့အသက်တာမှာ လုပ်ဆောင်ပေးဦးမဲ့အရာတွေအတွက် မျှော်လင့်ချီးမွမ်းရပါမယ်။ ဖော်ပြပါအချက်တွေကို ဖော်ထုတ်ချီးမွမ်းပါ။

“ ကျေးဇူးတော်ချီးမွမ်းခြင်းယဇ်ကိုပူဇော်သောသူသည် ငါ၏ဘုန်းကို ထင်ရှားစေသောသူဖြစ်၏။ မိမိသွားသောလမ်းကို ဆင်ခြင်သောသူအားလည်း ကယ်တင်တော်မူခြင်းကျေးဇူးကိုငါပြမည်ဟု ဘုရားသခင်မိန့်တော်မူ၏” (ဆာလံ ၅၀း၂၃) ကျွန်တော်တို့ဟာ ဘုရားသခင်ရဲ့မျက်မှောက်တော်မှာ ထိုင်ပြီး ဘာမှမတောင်းခံတော့ဘဲ ကိုးကွယ်ချီးမွမ်းခြင်းအားဖြင့် ကောင်းမြတ်ခြင်းအပေါင်းကို မြည်းစမ်းနိုင်ပါတယ်။ ဆာလံဆရာဒါဝိဒ်ဟာ အစွမ်းကုန် ချီးမွမ်းခဲ့ပါတယ်။ ဒါကြောင့် ခရစ်ယာန်များဟာ အဘဘုရားကိုချီးမွမ်းဖို့ အရေးကြီးပါတယ်။

*– နောက်လဆက်ဖတ်ရန်*

ဒေါ်စန်းစန်းမြင့်

*ဒေါက်တာယောင်ဂီချိုရဲ့ ‘ လက်တွေ့ဆုတောင်း နည်းပုံစံများ ’ ဆိုပြီး Phillip Cope Suan Pau က မြန်မာလို ပြန်ဆိုထုတ်ဝေခဲ့ပါတယ်။ ခွန်အားယူစရာ ဖြစ်လို့ လိုရင်းတိုရှင်း အကျဉ်းရုံးပုံစံဖြင့် အနည်းငယ်မျှကောက်နှုတ်ပြီး မျှဝေရ ကြောင်းဝန်ခံပါတယ်။*

# ဗတ္တိဇံ၏သဘောတရား

*သေတတ်သောသဘောရှိလျှင် – မသေတတ်သောသဘောရှိရမည်။ သေခြင်းသဘောကိုလက်ခံထားတဲ့ ‘လူ့အသိ’ သည်အသက်ရှင်ခြင်းသဘောကိုလက်ခံနိုင်တဲ့ ‘လူ့အသိ’ နဲ့ အတူတူပါပဲ။ သေရမည်လို့တစ်ထစ်ချ ယုံတတ်တဲ့ ‘လူ့အသိ’ ဟာရှင်လိမ့်မယ်လို့တထစ်ချယုံကြည်ခြင်းရှိတာတဲ့‘လူ့အသိ’ ပါပဲ။*

*ယခင်လမှအဆက်*

‘သေခြင်းမာန်’ ကိုအောင်ပြီ ဟုပြောဆိုအာမခံပေးထားသော အခြားဘုရားတစ်ပါးမှ ဤလောက၌မရှိပြီဖြစ်၍ ထိုသူတို့သည် “‘ကျွန်ုပ်တို့သည် – ကျေးဇူးတော် ကြီးမားလှပါ၏။ ဘုရားသခင်” ဟု တစ်ရက်ကို (၂၄) ကြိမ်မျှချီးမွမ်းသင့်လှပေ၏။ ဘာသာရေး သုတအသိမျှဖြင့် အပေါ်ယံယုံကြည်မှုမျိုး ရှိသူအချို့က ထိုတန်ဖိုး ထိုအခွင့်အရေး၏ လေးနက်နက်ရှိုင်းမှုကို မခံစားရ၍၊ ခရစ်တော်၏ သက်တော်စဉ်ရုပ်ရှင်ကြည့် စဉ်အခိုက်အတန့်လေး၌သာ သဲထိတ် ရင်ဖိုဇာတ်လမ်းတစ်ခုမျှ ဝတ္ထုတစ်ပုဒ်မျှသာ ရင်ခုန်ကြမည်ဖြစ်၏။

ဖိနပ်တစ်ရံသည် အာကာသထဲရောက်၍ လမ်းလျှောက် နေ၏။ မျောက်တစ်ကောင်သည် လူတို့အားဖြင့် ‘လ’ ပေါ်သို့ ရောက်သွားခဲ့၏။ သေတတ်သောသဘောရှိနေသည့် လူသား တို့သည် ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်း တန်ခိုးအားဖြင့်၊ အသက်ရှင်ခြင်းသို့ ကူးမြောက်၍၊ ထာဝရကာလသို့ ဝင်စားခွင့် ရှိနိုင်ပြီဖြစ်။ လောက၌ အမွန်မြတ်ဆုံးသော ‘အသိပညာ’ သည် မိမိ၏ သေတတ်သောသဘောကိုသိနေခြင်း၊ ဘုရား၏ အသက် ရှင်ခြင်းတန်ခိုးကိုသိနေခြင်း၊ အမွန်မြတ်ဆုံးသော အတတ်ပညာ သည် လူနှင့်ဘုရားဆက်သွယ်နေပုံကိုသိမြင် နားလည် နေတတ်ခြင်းပင်၊ ယုံတတ်သောသဘောသည် ပညာရပ်တစ်ခုပင်၊ ပညာ၏အချုပ်အခြာသည် အသက်နှင့်ဆိုင်သောအရေးကိုလက် ဆုပ်လက်ကိုင်ပြုထားနိုင်မှု တစ်ခုတည်းသာပါ။ မိတ်ဆွေ သင့်ကိုယ်သင် သိလော့။

ဘုရားသခင်ကိုသိလော့၊ ပုခုံးနှစ်ခုကြားခေါင်းပေါက်၍ မြေပြင် ပေါ်၌မတ်တပ်လမ်းလျှောက်၍၊ ငိုတတ်ရယ်တတ်သည့် သတ္တဝါ တစ်မျိုးရှိ၏။ မနုဿလူသားဟုခေါ်၏။ သူတို့သည် သတ္တ လောက မှာအဆင့်အမြင့်ဆုံးသက်ရှိသတ္တဝါဖြစ်ကြ၏။ ဖန်ဆင်းတော်မူသော လက်ရာများစွာအနက်မှ အသပ်ရပ်ဆုံး၊ အလှပဆုံးနှင့် အရည်အသွေးအမြင့်မားဆုံး သတ္တဝါဖြစ်လို့နေ၏။ အသိဉာဏ် အရာ၌ ထိပ်တန်းအကျဆုံးသတ္တဝါဖြစ်၏။ ဘုရား ကိုယ်တော်တိုင် တန်ဖိုးထားသော၊ အလွန်ဈေးကြီးသည့်သတ္တဝါ တစ်မျိုးဖြစ်၏။ အဘယ်ကြောင့်နည်း လူသတ္တဝါမှာဘုရား၏ ဓါတ်ပွား ‘နာမ် ဓါတ်’ ပါဝင်ပေါင်းဖွဲ့ထားသောကြောင့်ပင်။ ဒါကြောင့်လူမှာ ’ရုပ်သဘာဝ’ နဲ့ ‘နာမ်သဘာဝ’ တွဲစပ်လျှက်ရှိနေတာပါ လူဟာ ရုပ်သက်သက်မဟုတ်တဲ့ရုပ်နာမ်တရားသဘော နဲ့ပေါင်းဖွဲ့ဖြစ်တည် နေတဲ့ တစ်ခုတည်းသောသတ္တဝါပင်။ သက်သေကတော့ အဲဒီ ရုပ်နဲ့နာမ်ပြန်လည်ကွဲကွာခြင်း (သေခြင်း ဖြစ်စဉ်) ကိုဖြတ်သန်း တဲ့အခါမှာ၊ ထိုဘုရား၏ဓါတ်ပွားဖြစ်တဲ့ ‘ဝိညာဉ်’ သည်မူလ ဓါတ်ဖြစ်တဲ့ဘုရားသခင်ထံပြန်ရောက်မလား (သို့) ဘယ်သို့ သွားမည်နည်း ဆိုသည့်အရေးတစ်ခုရှိ၏။ (တမလွန်အရေး ဟုခေါ်သည်) ‘ရုပ်သဘာဝ’ ကတော့ဓါတ်လေးပါး ချုပ်ငြိမ်းရင်ပြီးပြီ (မြေမှုန့်သို့ပြန်သွားမည်) ‘နာမ်သဘာဝ’ ကတော့ ချုပ်ငြိမ်းပြီး ဆုံးခြင်း မရှိပါဘူး။ (ဘုရားဓါတ်ပရမတ် စစ်မို့လို့ပါ) ဘုရားသခင် ကိုယ်တော်တိုင်ရဲ့ သဏ္ဍာန်တော် အစိတ်အပိုင်းဖြစ်လို့ ‘အမတ’ ဂုဏ်ရှိနေတာပါ။ ‘ဝိညာဉ်’ ဟူသည် ထာဝရသဘောကို ဆောင်နေပါသည်။ လူ့လောကကို လွန်သွားမဲ့အချိန် (တမလွန်) မှာထိုနာမ်ဓါတ်ဖြစ်သည့် လူ့ဝိညာဉ်သည် ဦးတည်ချက်ရှိရမည်။ မှိုတွယ်ခိုလှုံရရှိရမည် မဟုတ်ပါလား။

- လူသားအားလုံးတို့၌တူသောဖြစ်စဉ်တစ်ခုရှိ၏။ (သေရမည့်အဖြစ်)
- လူသားအားလုံးတို့၌ တူသောပြဿနာတစ်ခုရှိ၏။ (ဘုရားပြဿနာ)
- လူသားအားလုံးတို့၌ တူသောယုံကြည်မှုရှိ၏။ (သေခြင်းတရားကိုလက်ခံခြင်း)
- လူသားအားလုံးတို့၌ တူသောဆန္ဒတစ်ခုရှိ၏။ (သေခြင်းလက်အောက်ကလွတ်မြောက်ရေး)
- လူသားအားလုံးတို့၌ တူသောအာရုံသိတစ်ခုရှိ၏။ (မှန်သောဘုရားကိုရှာဖွေတောင့်တမှုအာရုံ)

ဘယ်အာရုံနဲ့သိနေတာလဲ ဓမ္မာရုံလို့ခေါ်တဲ့ 'နာမ်သိစိတ်' ပါ။ ပါဠိဝေါဟာရကတော့ 'မနောဝိညာဉ်' ဟုခေါ်၏။ ထိုအာရုံသိစိတ်က လှုံ့ဆော်ဖော်ပြနေ၍လူတွေဟာ 'သေတတ်သောသဘော' ကိုအလိုလိုထိုးထွင်းပြီး သိနားလည်နေတာ၊ စိုးရိမ်ထိတ်လန့်နေတာ၊ လူ့အသိထူး၊ အာရုံတစ်မျိုးပါပဲ။ မှန်သောဘုရားနဲ့ပြန်အဆက်မရမခြင်း လူသားတွေမှာထို (အတွင်းပြဿနာ) မပြီးနိုင်ကြပါ။ သေဘေးကို ရင်မဆိုင်ထံ့လို့ဆောက်တည်ရာမရဖြစ်ကာ၊ အမျိုးမျိုးသောကိုးကွယ်ရာကို ရှာဖွေနေကြတော့တာပါပဲ။ (ဘာသာတရားပုံစံကွဲမျိုးစုံကသက်သေပါ)။

သေတတ်သောသဘောရှိလျှင် – မသေတတ်သောသဘောရှိရမည်။ သေခြင်းသဘောကိုလက်ခံထားတဲ့ 'လူ့အသိ' သည်အသက်ရှင်ခြင်းသဘောကိုလက်ခံနိုင်တဲ့ 'လူ့အသိ' နဲ့အတူတူပါပဲ။ သေရမည်လို့တစ်ထစ်ချ ယုံတတ်တဲ့ 'လူ့အသိ' ဟာရှင်လိမ့်မယ်လို့တထစ်ချယုံကြည်ခြင်းရှိတာတဲ့'လူ့အသိ' ပါပဲ။ ဒါပေမဲ့အဲဒီ အသိဟာ ရုပ်သိ၊ စိတ်သိ၊ ဉာဏ်နဲ့ဆင်ခြင်သိတွေနဲ့ မပတ်သက်တဲ့လူ့အတွင်းနှလုံးကသိနေတဲ့ နာမ်သိစိတ် (သို့)ဝိညာဉ်သိ တစ်မျိုးသာပင်။ ဒီသေခြင်းတရားကြောင့် အငြိမ်သက်သည့်လူ့မနောအာရုံထဲကို၊ ဘုရားထည့်လိုက်လျှင် လူသည်တမလွန်နှင့်ပတ်သက်သည့်အာမခံချက်ရသွား၏။ ကိုယ့်ဟာကိုယ်သိသွားတဲ့စိတ်ချမှုတစ်ခုနဲ့ ငြိမ်သက်သွားပါတော့သည်။ (ဘယ်သူမှဖျက်လို့မရတဲ့ဖြစ်တည်မှုပါ)

ဤလောကရဲ့ ငြိမ်သက်ခြင်းအရှင်၊ ကမ္ဘာလောကတစ်ခုလုံး၏ မျှော်လင့်ချက်သည် 'ခရစ်တော်' တစ်ပါးတည်းထံ၌သာရှိသည်။ 'ခရစ်တော်' ကိုယုံကြည်အားကိုးခြင်းဖြင့် နှလုံးသားထဲကိုခေါ်ဖိတ်လက်ခံခြင်းမှတစ်ပါး အတွင်းငြိမ်သက်ခြင်းကိုရနိုင်သောနည်းလမ်း ဤလောက၌မရှိပြီ။ ခရစ်တော်သည်သေတတ်သောလူသားတို့အား မသေတတ်သောသဘောရှိရာရပ်ဝန်း၌ရှိသော ဘုရားသခင်အကြား၌ ဆက်သွယ်ပေးနိုင်သည့် 'ယာဉ်' တစ်စီးဖြစ်၏ 'လောကီလူ့ဘုံ' မှ 'ကောင်းကင်ဘုံ' သို့ပို့ဆောင်ပေးနိုင်စွမ်းရှိသော တမလွန်ခရီးစဉ်၏ 'ယာဉ်' သည် 'ခရစ်တော်'ဘုရားမှတစ်ပါးအခြားမရှိပြီ။

ဘုရားသခင်က

- သားတော်ကိုရသောသူသည် 'အသက်' ကိုရ၏။
- သားတော်ကိုမရသောသူသည် 'အသက်' ကိုမရ။

သားတော်က

- ငါသည်လမ်းခရီး၊ အသက်၊ သမ္မာတရားဖြစ်၏။
- ငါ့ကိုအမှီမပြုလျှင် အဘယ်သူမျှခမည်းတော်ထံသို့ မရောက်ရ။
- ယုံကြည်ခြင်းဖြင့်ခရစ်တော်ထဲသို့နှစ်ခြင်း၊ ခရစ်တော်အထဲ၌ နစ်မြုပ်လျှက်ရှိခြင်းကို'ဗတ္တိဇံ' ဟုခေါ်သည်။

ယုံကြည်သူတို့၏ဗတ္တိဇံအသက်တာ

(ဂလာ ၂း၂၀) ရဲ့အဓိပ္ပါယ်က၊ ယုံကြည်သူတစ်ယောက်ဟာသေတော့မှခရစ်တော်၌ရှိပြီး တမလွန်ကိုခရစ်တော်အားဖြင့်ရောက်သွားဖို့ရန် တစ်ခုတည်းကို ဖော်ပြထားတာမဟုတ်ပါဘူး၊ အတွင်းပြောင်းလဲခြင်းရှိရပြီး ယုံကြည်၍ဗတ္တိဇံခံသောနေ့ကစပြီး ဘဝအသက်တာလမ်း ခရီးတစ်လျှောက်လုံးမသေခင်ရော၊ သေသွားတဲ့အချိန်ထိပါ ခရစ်တော်အထဲမှာ 'နစ်မြုပ်' လျှက်အစဉ်ရှိနေသောအသက်တာမျိုးပါ။ (ငါသည် ကိုယ်တိုင်မရှင်ခရစ်တော်သည် ငါ၌ရှင်တော်မူ၏) ဆိုလိုတာက သူဟာဘွတ်ဖိနပ်တစ်ရံလို ရှိနေတာပါ။ လူနဲ့ဖိနပ်ဆိုတာ ခွဲခြားလို့မရနိုင်တဲ့အရာတစ်ခုပါ၊ အမြဲအတူတကွတွဲလျှက် ရှိနေတာပါ။ သွားလာ ရွေ့လျားမှု ရှိတယ်ခရီးအများကြီးရောက်တယ်၊ အဲဒါ ဖိနပ်ကသွားတာ

လား၊ လူကသွားတာလား ဖိနပ်တစ်ရံရဲ့ခရီးပေါက်မှုဟာ ကိုယ်တိုင်ရဲ့အားစိုက်မှု၊ လှုပ်ရှားမှုမျိုး မဟုတ်ပါဘူး၊ ကိုယ်တိုင်သွားတာမဟုတ်ဘဲ ရောက်ရောက်နေတယ်မဟုတ်လား၊ သခင်သွားလေရာပါနေရတာပါ ကိုယ့်ကြောင့်မဟုတ်ဘဲ သူ့ကြောင့်ဖြစ်တဲ့ 'ရောက်ရှိမှု' ကိုဗတ္တိဇံဖြစ်စဉ်လို့သာမှတ်ပါ။ 'ယုံကြည်ခြင်း' ဘဝအသက်တာမှာ ကိုယ်ဟာခရစ်တော်စီးတဲ့ဖိနပ်တစ်ရံလို ဖြစ်နေပါမယ်။ ကိုယ်နဲ့မထိုက်တန်တဲ့နေရာကိုရောက်နိုင်တယ်၊ အန္တရာယ်ဆိုတာလဲမရှိဘူး။ ခရစ်တော်ဟာ – မဟုတ်တဲ့နေရာကိုဘယ်တော့မှမသွားဘူး၊ ရွှံ့တောဗွက်တောဆူးတောထဲလည်းမနင်းဘူး၊ ဘာကြောင့်လဲ သူ့ဖိနပ်ကလေးထိခိုက်ပျက်စီးသွားမှာ စိုးရိမ်တတ်ပါ၏။ သူ့ဖိနပ်ကလေးကိုသိပ်ဂရုစိုက်၏။ အမြဲတမ်းလဲပြောင်လက်နေအောင် သခင်ကိုယ်တိုင်တိုက်ပါသည်။ ခရစ်တော်စီးထားလျှင် လူရာလည်းသိပ်ဝင်၏။ ပြီးလျှင် ကောင်းကင်နိုင်ငံတော်အထိပါသွားမှာ၊ ကဲအခု ကျွန်တော်တို့တတွေခရစ်တော်နဲ့ပတ်သက်သည့်ဘွတ်ဖိနပ်တွေဖြစ်နေပြီလား။

တစ်ချို့ကတော့ ခရစ်တော်ကိုယ့်ကို စီးရမည့်အစား ခရစ်တော်ကိုပြန်တက်ပြီး စီးနေသည့်လူတွေရှိ၏၊ 'ယေရှုနာမဉ္ဇ' တို့၊ ခရစ်တော်၏နာမတော်မြတ်ဉ္ဇတို့၊ ခုတုံးလုပ်ပြီး ရိုက်စားနေကြ၏။ ယုဒရှကာရှုတ်ရဲ့ မြေးမြစ်တီတွတ် ကျွတ်မျှော့တွေပေါ့၊ နာမတော်ကိုလက်ကိုင်ပြုကာ – ကိုယ်လုပ်ချင်ရာလုပ်၊ ကိုယ်သွားချင်ရာသွား၊ ပြောချင်ရာပြောဆိုတဲ့သူတွေထဲမှာဝင်ပါနေသလား 'ခရစ်တော်' ကိုပြုပြီး၊ ကိုယ်ကျိုးရှာနေကြတာ၊ ယုဒရှကာရှုတ်ခမျာငွေ ၃၀ ထဲနဲ့ကမ္ဘာကျော်သူယုတ်မာစာရင်းအသွင်းခံရတာ၊ သူ့မြေး မော်ဒန်ယုဒရှကာရှုတ်တွေကရော၊ ခရစ်တော်နာမကိုအမှီပြုပြီး ကိုယ်ကျိုးရှာအလွဲသုံးစားလုပ်မိသူများနဲ့သာ သီးသန့်သက်ဆိုင်ပါ၏။ ခရစ်တော်ကတော့ အပြုံးနဲ့သာကြည့်နေမှာပါ။ ခရစ်တော်ရဲ့အကြည့်နဲ့အပြုံးဟာ လက်သီးနဲ့ထထိုး၊ ကြာပွတ်နဲ့လိုက်ရိုက်တာထက် ခံရခက်တဲ့ထိခိုက်မှုမျိုးရှိနေပါ၏။ ငါသည်ကိုယ်တိုင်မရှင် – ခရစ်တော်သည်ငါ၌ရှင်တော်မူ၏။ ဘယ်လိုကိစ္စမျိုးကြုံလာကြုံလာ ခရစ်တော်ဆိုရင် ဒီကိစ္စကိုဘယ်လိုတုန့်ပြန်မလဲ (သတိရပါ) ဘာပဲလုပ်လုပ်ခရစ်တော်ဆိုရင်ဘယ်လိုလုပ်မလဲ (သတိရပါ) အရာခပ်သိမ်းမှာ ခရစ်တော်ဆိုရင်ဘယ်လိုတုန့်ပြန်မလဲ၊ ဘယ်လိုဆုံးဖြတ်မလဲ ဆိုတဲ့ (ဖြစ် – သိ – သတိ) ဆိုတာမျိုးနဲ့ သွားကြဖို့လိုပါတယ်။

ငါသည်ကိုယ်တိုင်မရှင် – ခရစ်တော်သည်ငါ၌ရှင်၏၊ ခရစ်ယာန်တွေသိပ်ရန်ဖြစ်တယ်၊ ငြင်းခုန်တယ်၊ အသင်းခွဲတယ်၊ သိပ်ဒေါသကြီးတယ်၊အရာရာကို အလွယ်တကူဆုံးဖြတ်တယ်၊ အဲဒါခရစ်တော်ရှင်ရဲ့လက္ခဏာ ဟုတ်လို့လား။

ကျွန်တော်တို့ကို ခရစ်တော်စီးထားပါစေ၊ ကျွန်တော်တို့ကိုသခင်စီးပြီး သခင်လိုရာသွားပါစေ။ အချို့ဖိနပ်တွေက အစီးတော့ခံကြပါရဲ့ သခင့်ခြေထောက်ဖိနပ်ပေါက်လို့တဲ့ ခရစ်တော်ကအသက်စွန့်တယ်၊ ကယ်တင်ခြင်းထားခဲ့တယ်၊ ဆရာယုဒသန်ကဘဝစွန့်တယ်၊ သမ္မာကျမ်းစာတစ်အုပ်ထားခဲ့တယ်၊ ဘိုးဘေးတို့ကဘာသာ ဝါဒဟောင်းကိုစွန့်တယ်၊ ခရစ်တော်ရဲ့ကယ်တင်ခြင်းတရားကို အမွေပေးခဲ့တယ်။ ကျွန်တော်တို့က ဘာတွေထားခဲ့ကြမလဲ ထပ်ယူသွားဖို့ချည်းပဲ စဉ်းစားနေသူတွေ ပိုများနေသလားလို့ ကျွန်ုပ်၏ရှေ့ဆက်မြောက်၊ 'အဘေးကြီးဦးအင်း' အားကျေးဇူးတင်၏။ လူဖြစ်လာတာနှင့် ကျွန်ုပ်၏ခေါင်းရင်း စားပွဲ၌ကိုယ်တိုင်ရှာဖွေတူးဆွစရာ မလိုဘဲ သမ္မာကျမ်းစာတစ်အုပ်ကိုတင်ပေးထားခဲ့သောကျေးဇူးပင်၊ ခရစ်ယာန်ဘာသာတရားအမွေကို ဘိုးဘေးတို့ထားရစ်ခဲ့ကြပြီ၊ ကျေးဇူးတင်ထိုက်လှပါသည်၊ ဘုရားသခင်၏'ကျေးဇူးတော်' ကြောင့်ကျွန်ုပ်တို့သည် ယုံကြည်သူများဖြစ်ကာ ကယ်တင်ခြင်းကိုရထားကြ၏

ဤတွင်ဗတ္တိဇံသဘောတရားပြီး၏။ ။

*–တင်အောင်လွင် (Exodus)*

# ဖုံးအုပ်ပေးရအောင်

စုံလင်ဖြောင့်မတ်သူလို့ ဘုရားရှင် နှစ်သက်တော်မူခြင်းခံရတဲ့ နောဧကြီးဟာ ရေလွှမ်းမိုးခြင်းကာလ လွန်ပြီးအတန်ကြာမှာ၊ ခြံဥယျာဉ်ထဲက စပျစ်သီးတွေကို သိုလှောင်သိမ်းဆည်းရင်း စပျစ်ရည်ကိုတွေ့ရှိပြည်းစမ်းမိရာက၊ စွဲလန်းစွာ သောက်သုံးယစ်မူးပါတော့တယ်။

ဒီအခါမှာ အဝတ်မခြုံဘဲ သူ့ရဲ့တဲထဲမှာ အိပ်နေမိတယ်တဲ့၊ ဖြစ်ချင်တော့ သားအငယ်ဆုံး ဟာမ ကလာလည်တယ်ထင်ရဲ့၊ အဖေ့ပုံစံ မဟန်တာကို မြင်တော့၊ ရယ်ရယ်မောမောနဲ့ အစ်ကိုနှစ်ဦးကို ဒီအကြောင်းပြောပြတယ်တဲ့။

အစ်ကို နှစ်ဦးကတော့ ဒီအဖြစ်ကို ရယ်စရာလို့ မြင်ပုံမရဘူး၊ အဝတ်တစ်ထည်ကို ယူပြီး အဖေဆီကို နောက်ဆုတ်နောက်ဆုတ်နဲ့ ချည်းကပ်သွားပြီးမှ နောက်ပြန်ခြုံပေးလိုက်တယ်တဲ့၊ လိမ္မာတဲ့ သားနှစ်ယောက်ပေ့ါ။

အဖေနိုးလာတော့ အကြောင်းစုံသိပြီးနောက်မှာ သားအငယ်ဆုံးကို အကြီးအကျယ်စိတ်ဆိုးပြီး ကျိန်ဆဲပါလေရော၊ အစ်ကိုနှစ်ယောက်ကိုတော့ ကောင်းကြီးပေးတာပေ့ါ။ ဖခင် နှုတ်မြွက်မှန်သမျှ အတည်ဖြစ်လေတာကြောင့်၊ အကျိန်ခံ ''ဟာမ''ရဲ့သားစဉ်မြေးဆက်တွေ၊ ဘယ်လိုအဖြစ်ဆိုးရတယ် ဆိုတာကို၊ ကမ္ဘာဦးကျမ်း အခန်းကြီး ၁၀ ရဲ့ နောက်ပိုင်းမှာ ဆက်ပြီးလေ့လာနိုင်ပါတယ်။

သားသမီးဟာ မိဘကို ရိုသေသင့်သလို၊ မိဘကလည်း၊ စိတ်အလိုလိုက်ပြီးဒေါသ မထွက်သင့်ကြောင်း တွေ့ရပါတယ်။ ဒီဆောင်းပါးမှာတော့ 'အဝတ်မဲ့ခြင်းပြဿနာ' ကိုဘဲ ဖွင့်ပြပါရစေ။

မောရှေဟာ တောင်ပေါ်မှာ ရက်လေးဆယ်ကြာတဲ့အခါ၊ ဣသရေလလူတွေဟာ၊ မောရှေသေပြီထင်ကြတယ်၊ ဒီအခါ သူတို့ဟာ ရွှေနွားသူငယ်ပုံ ထုလုပ်ပြီး၊ ယဇ်ပူဇော်ပွဲလုပ်ကြတယ်။ ကခုန်သောက်စားပျော်ပါးနေကြစဉ်မှာ မောရှေက ပညတ်တော်ဆယ်ပါး ကျောက်ပြားကို ကိုင်ပြီး တောင်ပေါ်က ဆင်းလာခဲ့တယ်။ ဘုရားကို ပုန်ကန်ပြစ်မှားနေကြတဲ့သူတို့တွေကို ကြည့်မြင်တဲ့အခါ မောရှေအလွန်ဒေါသထွက်ပြီး၊ ကိုင်လာခဲ့တဲ့ ကျောက်ပြားနှစ်ချပ်ကိုတောင် ထုခွဲမိတယ်လေ။ ဒီ့နောက်မှာ မောရှေဟာ အာရုန်ကို အင်မတန်ဆူခဲ့တယ်။ ဘာဖြစ်လို့လဲဆိုရင် 'အာရုံသည် လူများကို၊ ရန်သူတို့ရှေ့မှောက်၌ အဝတ်တန်ဆာကို ချွတ်စေသဖြင့်၊ အဝတ်တန်ဆာ၊ အချည်းစည်း ရှိကြကြောင်း မောရှေမြင်၍' လို့ကျမ်းစာကဆိုတယ်။

ရုပ်ထုကို ဝတ်ပြုခြင်းဟာ ကြီးစွာသောအပြစ်ဖြစ်တယ်။ အပြစ်ကြောင့်ကယ်တင်ခြင်း ဝတ်လုံမရှိတော့ဘူး၊ အချည်းစည်းဖြစ်နေပြီလို့ 'ကျမ်းစာ'အဓိပ္ပါယ်ရှိတယ်။ လူ့မျက်စေ့မှာတော့ ဝတ်ကောင်း စားလှတွေနဲ့ပေ့ါ၊ စာတန်အရှေ့မှာတော့ ကျွတ်နေပြီ၊ ဘာမှ မရှိတော့ဘူးလေ (ထွ ၃၂း ၊ ယေဇ ၁၆း၃၆–၃၇)။

ကမ္ဘာဦးအစမှာဘဲ အာဒံနဲ့ ဧဝဟာ စကားနားမထောင်ခြင်းအပြစ်ကြောင့် အဝတ်အချည်းစည်း ရှိခဲ့တာတွေ့ရပါမယ်။ ဒီနေ့လည်း ဘုရားမနှစ်သက်တဲ့ အမူအကျင့် အပြောအဆိုနဲ့ နေထိုင်သူ၊ နောင်တမရသူကို ခရစ်တော်က ''*သူခိုးကဲ့သို့ ငါလာ၏၊ အဝတ်အချည်းစည်းနှင့်၊ ရှက်စရာအကြောင်းမရှိစေခြင်းငှါ၊ နိုးလျက်နေ*'' ဖို့ ရှင်ယောဟန်အားဖြင့် မှာထားခဲ့ပါတယ် (ဗျာ ၁၂း၁၆)။ ယုံကြည်သူတွေက ရုပ်တုဆင်းတုတွေကို သွားပြီး ရှိမခိုးပါဘူး၊ ဒါပေမဲ့ နှုတ်ကပါတ်တော်ကို နာခံမှုမရှိ ဖြစ်နေရင်၊ အဝတ်အချည်းစည်းရှိပြီပေ့ါ။ ဒါကိုဖေါ်ပြတာပါ။ သာမန်လူ့မျက်စေ့နဲ့ မမြင်နိုင်ဘူး၊ ဝိညာဉ်မျက်စေ့နဲ့မှ မြင်နိုင်ပါတယ်။ ဘုရားရှင်မသိမမြင်တာ တစ်ခုမှမရှိပါဘူး။ ဘုရားရှင်က ရွေးချယ်ပြီးရင်၊ အဝတ်တန်ဆာဆင်ပေးခဲ့ပြီလေ(ဟေရှာ ၆၁း၁၀)။

(ဇာခရိ ၃း၁–၅) မှာ ယဇ်ပရောဟိတ်မင်း ယောရှုဟာ ဘုရားရှင်ရဲ့ ရှေ့တော်မှာ အပြစ်ရောက်ခဲ့ပြီးတဲ့အတွက်၊ ညစ်ညူးသောအဝတ်နဲ့ရှိနေကြောင်း တွေ့ရပါတယ် (လူ့အမြင်မှာတော့ အင်မတန်လှပါတဲ့ ယဇ်ပုရောဟိတ်ဝတ်စုံကို ဝတ်လျက်ပါ) ယောရှု

ဟာအပြစ်ဝန်ချနေတယ်။ ဒီအခါ စာတန်မှာ အခွင့်အရေး မရှိတော့ဘူးပေ့ါ။ ယောရှု ဘက်မှာ ဘုရားရှင်ရပ်တည်ပြီလေ၊ အဝတ်တန်ဆာပြန်လည် ဆင်ယင်ပေးတယ်။ စာတန်ကို ဟန့်တားလိုက်တယ်လို့ တွေ့ရပါမယ်။ဒါကြောင့် အဝတ်အချည်းစည်း ဘယ်အခါမှာ ရှိတယ်ဆိုတာသိနိုင်တယ်။

ယခုအခါ အသင်းတော်ထဲမှာ သော်၎င်း၊ အသင်းတော်အချင်းချင်းမှာသော်၎င်း၊ အတိုက်အခိုက်အမှားအယွင်းများစွာနဲ့ မှောင်မိုက်တန်ခိုးလှုပ်ရှားမှု စစ်ဆင်ရေးကို ကြုံတွေ့နေရပါတယ်။

ဘုရားအမြင်မှာသော်၎င်း၊ လူ့အမြင်မှာသော်၎င်း မတင့်မတယ် မဖွယ်မရာတွေဖြစ်နေပါတယ်။ အမှုတော်ဆောင်တွေ သင်းထောက်တွေ၊ ဧဝံဂေလိအစေခံတွေ အပါအဝင် ယုံကြည်သူများ အကြားမှာ မသင့်မတင့်၊ မညီမညွတ်ဖြစ်စေဖို့ လှည့်ဖြားခြင်းခံနေရတယ်၊ ရန်သူအမှန်ကို ကျမ်းစာက ရေးသားဖေါ်ထုတ်ထားပါတယ်။

''*(ဧ ၆း၁၁–၁၂) မာရ်နတ်၏ ပရိယာယ်တို့ကို ဆီးတားနိုင်မည်အကြောင်း၊ ဘုရားသခင်ပြင်ဆင်တော်မူသော လက်နက်စုံကို ဝတ်ဆောင်ကြလော့၊ အကြောင်းမူကား ငါတို့သည် အသွေးအသားရှိသော ရန်သူတို့နှင့် ဆိုင်ပြိုင်တိုက်လှရသည်မဟုတ်၊ .....*'' ဒီဖွင့်ဆိုချက်ကိုကြည့်ရင်၊ စာတန်ရဲ့ စစ်အင်အားထိုးဖေါက်ခြင်းကိုဖေါ်ပြဒါပါ။ လူသားအချင်းချင်း အပြစ်မြင် အပြစ်တင်နေရင် ဘုရားကိုဆန့်ကျင်တဲ့အပြစ်ဘဲရပါလိမ့်မယ်။

တွန်းလှန်နည်း အမှန်ကို ကျမ်းစာမှာဖေါ်ပြပါတယ် (ဖေက် ၆း၁၁၊ ၁၈) (၂ကော ၁၀း၄)၊ အပြစ်ဝန်ချပေးခြင်း၊ ကောင်းကြီးပေးခြင်းမှ တပါးအခြား နည်းလမ်းမရှိပါဘူး၊ ခရစ်တော်က ''*ရန်သူကို ချစ်ကြလော့*''လို့တောင်မှာထားတယ်။ အထူးမှာခဲ့တာက၊ ''*သင်တို့အချင်းချင်းချစ်မှ ငါ့တပည့်ဖြစ်ကြောင်း လူအပေါင်းတို့ အရှေ့မှာထင်ရှားမယ်*''တဲ့။

ရှင်ယောဟန်ကလည်း ''*ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏၊ ချစ်ခြင်းမရှိသောသူသည် ဘုရားသခင်ကို မသိ*''လို့ ဖွင့်ပြခဲ့တယ်။

စာတန်က မချစ်နိုင်အောင် အကြီးအကျယ် တိုက်ခိုက်တယ်၊ အပြစ်တွေဖေါ်ထုတ်ပြသတယ်၊ အဝတ်အချည်းစည်း ရှိနေကြောင်း ညွှန်ပြတယ်၊ ဟားတိုက်တယ်။

ဆောင်းပါးအစမှာ ရေးသားခဲ့သလို၊ ဟာမ ရဲ့ အမှားမျိုးကို ယနေ့ယုံကြည်သူတွေ လုပ်ဆောင်မိနေတယ်၊ တစ်ဦးရဲ့ မှားယွင်းချက်၊ အားနည်းချက်တွေကို ပြည့ွန်ဖေါ်ထုတ်နေကြတယ်။ ခါတစ်ရံ ဒါကြီးကို ဆုတောင်းဝိုင်းမှာတောင် တင်ပြကြတယ်။ ဘုရားရှင်ဝမ်းနည်းဖို့ ပြုမိတာဖြစ်တော့တယ်။

တကယ်ပြုရမှာက၊ သူ့ရဲ့ အဝတ်အချည်းစည်းရှိမှုကို ဖုံးဖိပေးဖို့ တာဝန်ဘဲရှိတာပေ့ါ၊ ကိုယ်တိုင်ကလည်း မကြည့်မမြင်ရဘူးလေ။

ဆိုလိုတာက တစ်စုံတစ်ဦးရဲ့ အပြောအဆို၊ အနေအထိုင် ထိမိ၍လဲစရာ ဖြစ်နေတာကို သိတာနဲ့ ဘုရားရှေ့မှာ သူ့အပြစ်အတွက်၊ ဝန်ချပေးရမှာပါ။ အပြစ်ဝန်ချကြားခံ ဆုတောင်းပေးဖို့၊ ကျမ်းစာကသင်တယ်၊ သူ့အကျိုးအတွက်ဖြစ်သလို၊ ကိုယ့်အကျိုးအတွက်လည်းဖြစ်တယ်။ ဘုရားရှင်မြတ်နိုးတော်မူခြင်းကို ခံရပါလိမ့်မယ်။

အခွင့်သာရင်တော့ ချစ်ခြင်းမေတ္တာအပြည့်နဲ့ နှစ်ဦးချင်း တိတ်တဆိတ်တွေ့ဆုံပြီး အပြစ်ဖေါ်ပြပြုပြင်ပေးဖို့ နှုတ်ကပါတ်တော်ဖွင့်ပြပါတယ်။

လက်ဝါးကားတိုင်းရဲ့ တန်ခိုးဟာ အလွန်ကြီးမားပါတယ်။ တဖက်သတ်ချစ်ခြင်းနဲ့ တဖက်သတ်ခွင့်လွှတ်ခြင်းကို ပုံဆောင်ပါတယ်။ ခရစ်တော်ကို ယုံကြည်သူတိုင်း၊ ခရစ်တော်ရဲ့ နှလုံးသားရှိဖို့ လိုတယ်၊ ဆိုလိုတာက တဖက်သတ်ချစ်ခြင်းနဲ့ တဖက်သတ်ခွင့်လွှတ်ခြင်းဘဲ ဖြစ်တယ်။ ''အချစ်က အပြစ်ကို ဖုံးအုပ်နိုင်တယ်'' လို့ နှုတ်ကပါတ်တော်ဖေါ်ပြတယ်။ ခွင့်လွှတ်ခြင်းက သူ့ကို နေရာမှန်သို့ ပြန်လည်ဆွဲခေါ်ယူတာဖြစ်တယ်။

ဒါပါဘဲ အဝတ်အချည်းစည်းဖြစ်နေသူ ဆိုတဲ့ ဇာတိအားကြီးနေသူကို တွေ့ရင်၊ သူ့ကို ပြိုင်ဆိုင် မတိုက်ခိုက်ပါနဲ့၊ သူ့ရဲ့ အဝတ်အချည်းစည်း ဖြစ်နေမှုကိုသာ ဘုရားအလိုတော်နဲ့ ဖုံးအုပ်ပေးကြပါ လို့ နှိုးဆော်လိုက်ရပါတယ်။

–ဒေါ်စန်းစန်းမြင့်–